၁၈.၈.၂၀၁၅ နေ့ စင်ကာပူနိုင်ငံ၌ ဖြစ်ပေါ်သော သဘာဝဓါတ်ငွေ့နှင့် စက်သုံးဆီ
လက်လီဈေးနှုန်းစာရင်း

| No. | Commodity | Unit | Retail Price | | Remarks |
|---|---|---|---|---|---|
| | | | S$ | US$ | |
| 1 | **Petrol** | | | | |
| | Shell FuelSave 98 (98UL) | 1 Litre | 2.41 | | Shell Co Ltd |
| | Shell FuelSave 95 (95UL) | 1 Litre | 2.13 | | Shell Co Ltd |
| | Shell V-Power (98UL) | 1 Litre | 2.76 | | Shell Co Ltd |
| | SPC LEVO 98 | 1 Litre | 2.31 | | SPC Co Ltd |
| | SPC LEVO 95 | 1 Litre | 2.09 | | SPC Co Ltd |
| | SPC LEVO 92 | 1 Litre | 2.05 | | SPC Co Ltd |
| 2 | **Diesel** | | | | |
| | Shell Diesel (AGO) | 1 Litre | 1.28 | | Shell Co Ltd |
| | Diesel | 1 Litre | 1.23 | | SPC Co Ltd |
| 3 | Jet A-1 fuel oil | 100 US Cents per US Gallon | | 230 | Price of Shell Global at Changi Airport |
| 4 | CNG | 1 Kilogram | 1.39 | | Union Gas Co Ltd |
| 5 | Natural Gas | 1 kWh | 0.1825 | | Pipe line rate of cooking gas for household usage (GST excluded) Supplied by Singapore Power Group |
| | **Exchange Rate** | 1US$ = 1.4070 S$, Monetary Authority of Singapore | | | |
| | Date | 18 August 2015 | | | |

(နေအေးလွင်)
စီးပွားရေးသံမှူး

အစီရင်ခံစာခေါင်းစဉ်။ **(ဃ) ဘဏ္ဍာရေး၊ ငွေကြေးသတင်းများ**

အကြောင်းအရာ။ **စင်ကာပူငွေကြေးတန်ဖိုးလျော့ကျမှုနှင့်ပတ်သက်၍လေ့လာဆန်းစစ်သူများမှသုံးသပ်ချက်**

၁။ ၂၀၁၅ ခုနှစ် ဩဂုတ်လ ဒုတိယပတ်အတွင်း တရုတ်နိုင်ငံသည် ၎င်း၏ယွမ်ငွေတန်ဖိုးကို နှစ်ကြိမ်တိုင် လျော့ချခဲ့ပြီးနောက် ရင်းနှီးမြှုပ်နှံသူများ၏တုန့်ပြန်ချက်က စင်ကာပူဒေါ်လာငွေတန်ဖိုးကိုလည်း လျော့ကျစေခဲ့ရာ စင်ကာပူဗဟိုဘဏ်မှဖော်ပြသည့် ၁၂.၈.၂၀၁၅ နေ့ ငွေလဲနှုန်းအရ အမေရိကန်ဒေါ်လာ တစ်ယူနစ်လျှင် ၁.၄၁၁၉ စင်ကာပူဒေါ်လာနှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ယခုနှုန်းထားမှာ ၅ နှစ်တာအတွင်း စင်ကာပူဒေါ်လာငွေတန်ဖိုး အနိမ့်ဆုံးအခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။

၂။ မိမိတို့အနေဖြင့် တရုတ်နိုင်ငံ၏ငွေလဲနှုန်းမူဝါဒပြောင်းလဲမှုကိုလိုက်၍ နိုင်ငံခြားငွေလဲလှယ်မှုဈေးကွက်၌ ကုန်သွယ်မှုအလေးတင်း စင်ကာပူဒေါ်လာငွေ၏တန်ဖိုးကို ပြောင်းလဲစေရာတွင် ငွေကြေးမူဝါဒ ကန့်သတ်ချက်ဘောင်အတွင်း၌သာ ခွင့်ပြုထားကြောင်း၊ စင်ကာပူ၏ငွေလဲနှုန်းဗဟိုပြုငွေကြေးမူဝါဒမူဘောင်အရ မည်သည့်သီးခြား နှစ်နိုင်ငံငွေလဲနှုန်းအပေါ်ကိုမျှ အလေးပေးမှုမပြုပဲ စင်ကာပူဒေါ်လာငွေတန်ဖိုးကို ကာလတိုအတွင်း ဈေးကွက်ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေစွာ ချိန်ညှိဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း ငွေကြေးတန်ဖိုး အလွန်အမင်းတက်ကျပြောင်းလဲမှုမှ ကင်းဝေးစေရန် ထိန်းသိမ်းကြပ်မတ်လျက်ရှိကြောင်းဖြင့် စင်ကာပူဗဟိုဘဏ်(MAS)မှ ၁၂.၈.၂၀၁၅ နေ့တွင် ပြောကြားပါသည်။

၃။ စင်ကာပူရှိ ဘဏ်နှင့်ငွေကြေးအဖွဲ့အစည်းများမှ လေ့လာဆန်းစစ်သူများက တရုတ်ယွမ်ငွေတန်ဖိုးလျော့ချမှုသည် အမေရိကန်နိုင်ငံ၏ အတိုးနှုန်းများမြှင့်တင်မည့်အစီအစဉ်ကို လက်လွတ်စေဖွယ်ရာရှိကြောင်း၊ အခြားသောနိုင်ငံများမှ ငွေကြေးတန်ဖိုးများ လျော့ချလုပ်ကိုင်လာမည်ကို စိုးရိမ်မှုများရှိနေသော်လည်း စင်ကာပူဗဟိုဘဏ်အနေဖြင့် လာမည့် အောက်တိုဘာတွင်ပြုလုပ်ရန်ရှိသော မူဝါဒဆိုင်ရာ အစည်းအဝေးမတိုင်မီကာလအတွင်း လက်ရှိငွေကြေးမူဝါဒအတိုင်း ထိန်းသိမ်းဆောင်ရွက်ရန် မျှော်လင့်ရကြောင်းဖြင့် ပြောဆိုကြပါသည်။ စင်ကာပူဒေါ်လာငွေတန်ဖိုးသည် ယွမ်ငွေတန်ဖိုးလျော့ချမှုနှင့်အတူ တစ်ဆက်တစ်စပ်တည်းကျဆင်းခဲ့ခြင်းဖြစ်ရာ ယွမ်ငွေကြေးမှာစင်ကာပူဗဟိုဘဏ်၏ ဖွင့်ဟပြောဆိုခြင်းမရှိသည့် ငွေကြေးစီမံခန့်ခွဲမှုအစုအစည်း(Currency Basket)၌ ပါဝင်မည်ဟု ကုန်သည်များနှင့် လေ့လာသူများက ယူဆကြပါသည်။

၄။ ကုန်ထုတ်လုပ်မှုပမာဏလျော့နည်းခြင်း၊ စားသုံးသူဈေးနှုန်းများ လအတန်ကြာကျဆင်းခြင်းတို့နှင့်အတူ စီးပွားရေးကျုံ့လာသည့်အခြေအနေတို့က စင်ကာပူဗဟိုဘဏ်၏ အောက်တိုဘာလ ငွေကြေးမူဝါဒသုံးသပ်မှု၌ တန်ဖိုးလျော့ချသည့်မူဝါဒ(Easing Policy)ကို ချမှတ်ဖွယ်ရှိလာနိုင်သည်ဟူသော မှန်းဆချက်များကို ပြန်လည်ဖြစ်ပေါ်စေလျက်ရှိပါသည်။ စင်ကာပူနိုင်ငံအနေဖြင့် ငွေကြေးမူဝါဒနှင့်ပတ်သက်၍ ရှေ့လည်းမတိုးသာ နောက်လည်းမဆုတ်သာသည့် အနေအထား၌ ရောက်ရှိနေကြောင်း၊ ငွေလဲနှုန်းအပေါ်အခြေပြုသည့်ငွေကြေးမူဝါဒကို လျော့ပါးသက်သာစေခြင်းက ၎င်း၏ ပို့ကုန်ဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းကို အားကောင်းစေမည်ဖြစ်သော်လည်း၊ အခြားတစ်ဖက်တွင် စီးပွား

ရေးတိုးတက်မှု နှေးကွေးသည့်အခြေအနေ၌ ငွေချေးငှားမှုစရိတ်စကများကြီးမြင့်ပြီး မတည်ငြိမ်မှုများကို ပြင်သို့စီးထွက်စေနိုင်ကြောင်း စသည်ဖြင့် ရိုက်တာသတင်းဌာနမှ ဖော်ပြပါသည်။

၅။ အာရှဒေသအတွင်း ဂျပန်ယန်းငွေ၊ တရုတ်ယွမ်ငွေနှင့် ဟောင်ကောင်ဒေါ်လာတို့နောက်တွင် စင်ကာပူဒေါ်လာသည် စတုတ္ထမြောက် ရောင်းဝယ်ဖေါက်ကားမှုအများဆုံး ငွေကြေးတစ်ရပ်ဖြစ်ပါသည်။ ဩဂုတ်လ ၁၁ နှင့် ၁၂ ရက်နေ့များ၌ စင်ကာပူဒေါ်လာနှင့် အမေရိကန်ဒေါ်လာတို့ကို လဲလှယ်ရောင်းဝယ်ရန်ချုပ်ဆိုသည့် ထပ်ဆင့်သက်ရောက်စာချုပ်များ(Derivative contracts)၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ (စင်ကာပူဒေါ်လာ ၂၀.၉ ဘီလီယံ)အထိ တစ်ဟုန်ထိုး မြင့်တက်ခဲ့ကြောင်း Bloomberg ၏ စာရင်းပြုစုချက်၌ တွေ့ရှိရပါသည်။ စင်ကာပူသတင်းဌာနများမှဖော်ပြချက်များအရ ယခုနှစ်ကုန် စင်ကာပူဒေါ်လာငွေတန်ဖိုး ခန့်မှန်းချက်များနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ ယွမ်ငွေတန်ဖိုးလျှော့ချခဲ့မှုနောက်ပိုင်း HSBC ဘဏ် လုပ်ငန်းစုသည် အမေရိကန်ဒေါ်လာတစ်ယူနစ်လျှင် ၁.၃၇ စင်ကာပူဒေါ်လာနှုန်းတွက်ဆထားရှိမှုကို ၁.၄၃ သို့ပြင်ဆင်ခဲ့ကြောင်း၊ အလားတူ Commerzbank လုပ်ငန်းစုမှလည်း နှစ်ကုန် စင်ကာပူဒေါ်လာငွေတန်ဖိုးခန့်မှန်းချက်ကို လက်ရှိခန့်မှန်းထားသည်မှ ပြင်ဆင်လျှော့ချသွားမည်ဟု ပြောဆိုခဲ့ကြောင်း၊ လေ့လာဆန်းစစ်သူများအနေဖြင့် တရုတ်ဗဟိုဘဏ်၏ ရှေ့ဆက်လုပ်ကိုင်မည့် အခြေအနေကို မျက်ခြေမပြတ်စောင့်ကြည့်လျက်ရှိကြောင်း သိရှိရပါသည်။

(နေအေးလွင်)
စီးပွားရေးသံမှူး


**ကိုးကားချက်များ**


(၁) စင်ကာပူဗဟိုဘဏ်(Monetary Authority of Singapore)၏ ၁၂.၈.၂၀၁၅ နေ့ သတင်းထုတ်ပြန်ချက် Singapore Dollar Remains Within Policy Band in Face of Market Volatility

(၂) Channel NewsAsia သတင်းဌာန၏ ၁၂.၈.၂၀၁၅ နေ့ သတင်းဖော်ပြချက် Singapore dollar still within policy band in face of market volatility

(၃) Today Online သတင်းဌာန၏ ၁၃.၈.၂၀၁၅ နေ့ သတင်းဖော်ပြချက် Singapore dollar pays liquidity price as yuan move shocks Asia

(၄) The Straits Times သတင်းဌာန၏ ၁၇.၈.၂၀၁၅ နေ့ သတင်းဖော်ပြချက် Singapore monetary policy caught between rock and hard place, say analysts


အမေရိကန်ဒေါ်လာနှင့်နိုင်းယှဉ်ရာတွင် စင်ကာပူဒေါ်လာငွေတန်ဖိုး
တက်/ကျပြောင်းလဲမှု (၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ)
လအလိုက် ပျမ်းမျှငွေလဲနှုန်း အမေရိကန်ဒေါ်လာ ၁
ယူနစ်လျှင် ညီမျှသည့် စင်ကာပူဒေါ်လာ
၁.၄၅
၁.၄၀
၁.၃၅
၁.၃၀
၁.၂၅
၁.၂၀
၁.၁၅
Source: Monetary Authority of Singapore


တရုတ်ယွမ်ငွေနှင့်နိုင်းယှဉ်ရာတွင် စင်ကာပူဒေါ်လာငွေတန်ဖိုး
တက်/ကျပြောင်းလဲမှု (၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ)
လအလိုက် ပျမ်းမျှငွေလဲနှုန်း တရုတ်ယွမ်ငွေ ၁၀
ယူနစ်လျှင် ညီမျှသည့် စင်ကာပူဒေါ်လာ
၂.၂၀
၂.၁၅
၂.၁၀
၂.၀၅
၂.၀၀
၁.၉၅
၁.၉၀
၁.၈၅
Source: Monetary Authority of Singapore

၄.၈.၂၀၁၅ နေ့ စင်ကာပူနိုင်ငံ၌ ဖြစ်ပေါ်သော သဘာဝဓါတ်ငွေ့နှင့် စက်သုံးဆီ
လက်လီဈေးနှုန်းစာရင်း

| No. | Commodity | Unit | Retail Price | | Remarks |
|---|---|---|---|---|---|
| | | | S$ | US$ | |
| 1 | **Petrol** | | | | |
| | Shell FuelSave 98 (98UL) | 1 Litre | 2.41 | | Shell Co Ltd |
| | Shell FuelSave 95 (95UL) | 1 Litre | 2.15 | | Shell Co Ltd |
| | Shell V-Power (98UL) | 1 Litre | 2.76 | | Shell Co Ltd |
| | SPC LEVO 98 | 1 Litre | 2.31 | | SPC Co Ltd |
| | SPC LEVO 95 | 1 Litre | 2.12 | | SPC Co Ltd |
| | SPC LEVO 92 | 1 Litre | 2.08 | | SPC Co Ltd |
| 2 | **Diesel** | | | | |
| | Shell Diesel (AGO) | 1 Litre | 1.29 | | Shell Co Ltd |
| | Diesel | 1 Litre | 1.26 | | SPC Co Ltd |
| 3 | Jet A-1 fuel oil | 100 US Cents per US Gallon | | 230 | Price of Shell Global at Changi Airport |
| 4 | CNG | 1 Kilogram | 1.39 | | Union Gas Co Ltd |
| 5 | Natural Gas | 1 kWh | 0.1825 | | Pipe line rate of cooking gas for household usage (GST excluded) Supplied by Singapore Power Group |
| | **Exchange Rate** | 1US$ = 1.3853 S$, Monetary Authority of Singapore | | | |
| | Date | 4 August 2015 | | | |

(နေအေးလွင်)
စီးပွားရေးသံမှူး

## စင်ကာပူမြို့၏ ၄.၈.၂၀၁၅ နေ့တွင်ဖြစ်ပေါ်သော ကုန်ပစ္စည်းလက်လီဈေးနှုန်းများနှင့် ဈေးကွက်သတင်းအချက်အလက်တင်ပြချက်

၁။ စင်ကာပူမြို့၌ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင်ဖြစ်ပေါ်သော ကုန်ပစ္စည်းလက်လီဈေးနှုန်းများ၏ ၂၈.၇.၂၀၁၅ နေ့ဈေးနှုန်းနှင့်နှိုင်းယှဉ်၍ တက်ကျပြောင်းလဲမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကုန်အမျိုးအမည် | ကုန်အမှတ်တံဆိပ် | စင်ကာပူဈေးနှုန်း | | မြန်မာဈေးနှုန်း | | တက်/ကျ |
|---|---|---|---|---|---|---|---|
| | | | ရေတွက်ပုံ | S$ | ရေတွက်ပုံ | ကျပ် | |
| ၁ | ဟုန်မာလီ ၁၀၀% ဆန် | Royal Umbrella - ထိုင်း | ၁ ကီလိုဂရမ် | ၂.၉၅ | ၁ ပြည် | ၅၃၈၂ | |
| ၂ | ဟုန်မာလီ ၁၀၀% ဆန် | FairPrice Gold - ထိုင်း | ၁ ကီလိုဂရမ် | ၂.၂၃ | ၁ ပြည် | ၄၀၇၂ | |
| ၃ | ဟုန်မာလီ ရောနှောဆန် | FairPrice Golden Royal | ၁ ကီလိုဂရမ် | ၁.၅၂ | ၁ ပြည် | ၂၇၇၅ | ↓ |
| ၄ | ဟုန်မာလီဆန် | FairPrice Jasmine - ဗီယက်နမ် | ၁ ကီလိုဂရမ် | ၁.၅၅ | ၁ ပြည် | ၂၈၂၈ | ↑ |
| ၅ | ဧည့်မထဆန် လုံးရှည် | AAA - ဗီယက်နမ် | ၁ ကီလိုဂရမ် | ၁.၁၀ | ၁ ပြည် | ၂၀၀၇ | ↑ |
| ၆ | ဘာစမာတီဆန် | India Gate - အိန္ဒိယ | ၁ ကီလိုဂရမ် | ၄.၇၈ | ၁ ပြည် | ၈၇၂၀ | |
| ၇ | မုံညင်းဆီ | FairPrice Canola | ၂ လီတာ | ၅.၇၁ | ၁ ပိဿာ | ၅၁၀၄ | ↑ |
| ၈ | နေကြာဆီ | FairPrice | ၂ လီတာ | ၆.၆၆ | ၁ ပိဿာ | ၅၉၅၄ | |
| ၉ | ဖွဲနုဆီ | FairPrice | ၂ လီတာ | ၅.၈၅ | ၁ ပိဿာ | ၅၂၃၀ | |
| ၁၀ | မြေပဲဆီ | FairPrice | ၂ လီတာ | ၈.၅၅ | ၁ ပိဿာ | ၇၆၄၃ | |
| ၁၁ | ဆား | FairPrice | ၁ ကီလိုဂရမ် | ၀.၇၂ | ၁ ပိဿာ | ၁၀၅၀ | ↓ |
| ၁၂ | ဆား | Pagoda Sea Salt | ၁ ကီလိုဂရမ် | ၂.၉၅ | ၁ ပိဿာ | ၄၃၀၂ | |
| ၁၃ | သကြား | FairPrice Fine | ၁ ကီလိုဂရမ် | ၁.၁၇ | ၁ ပိဿာ | ၁၇၀၆ | |
| ၁၄ | သကြား | Billington's Demerara | ၁ ကီလိုဂရမ် | ၆.၄၀ | ၁ ပိဿာ | ၉၃၃၃ | |
| ၁၅ | အေးခဲကြက်သား | Sadia -ဘရာဇီး | ၁ ကီလိုဂရမ် | ၄.၉၅ | ၁ ပိဿာ | ၇၂၁၉ | |
| ၁၆ | ကြက်သား | မလေးရှား | ၁ ကီလိုဂရမ် | ၇.၄၀ | ၁ ပိဿာ | ၁၀၇၉၁ | |
| ၁၇ | အေးခဲဝက်သား | Porkee | ၁ ကီလိုဂရမ် | ၁၀.၂၀ | ၁ ပိဿာ | ၁၄၈၇၅ | |
| ၁၈ | ဝက်သား | အနိမ့်ဈေး | ၁ ကီလိုဂရမ် | ၁၁.၆၀ | ၁ ပိဿာ | ၁၆၉၁၆ | |
| ၁၉ | ဝက်သား | အမြင့်ဈေး | ၁ ကီလိုဂရမ် | ၂၄.၉၀ | ၁ ပိဿာ | ၃၆၃၁၂ | |
| ၂၀ | အေးခဲအမဲသား | AMIR's Cube | ၁ ကီလိုဂရမ် | ၁၃.၈၀ | ၁ ပိဿာ | ၂၀၁၂၅ | |
| ၂၁ | အမဲသား | အနိမ့်ဈေး - ဩစတေးလျ | ၁ ကီလိုဂရမ် | ၁၉.၉၀ | ၁ ပိဿာ | ၂၉၀၂၀ | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၂၂ | အမဲသား | အမြင့်ဈေး - ဩစတေးလျ | ၁ ကီလိုဂရမ် | ၄၅.၉၀ | ၁ ပိဿာ | ၆၆၉၃၆ | |
| ၂၃ | အေးခဲဆိတ်သား | Singourmet | ၁ကီလိုဂရမ် | ၁၇.၃၀ | ၁ ပိဿာ | ၂၅၂၂၉ | ↑ |
| ၂၄ | ဆိတ်သား | ဩစတေးလျ | ၁ကီလိုဂရမ် | ၁၉.၉၀ | ၁ ပိဿာ | ၂၉၀၂၀ | ↓ |
| ၂၅ | တီလားပီးယားငါး | အနက် | ၃၀၀ ဂရမ် | ၃.၀၀ | ၁ ပိဿာ | ၁၄၅၈၃ | |
| ၂၆ | ကကတစ်ငါး | ဂျပန် | ၃၀၀ ဂရမ် | ၁၇.၅၀ | ၁ ပိဿာ | ၈၅၀၆၈ | |
| ၂၇ | ငါးမုတ် | ရွှေရောင် | ၁ ကီလိုဂရမ် | ၉.၈၀ | ၁ ပိဿာ | ၁၄၂၉၁ | ↓ |
| ၂၈ | ပုဇွန် | Black Tiger XL | ၁ ကီလိုဂရမ် | ၁၉.၀၀ | ၁ ပိဿာ | ၂၇၇၀၈ | |
| ၂၉ | ပုဇွန် | Grey Prawn XL | ၁ ကီလိုဂရမ် | ၂၁.၉၀ | ၁ ပိဿာ | ၃၁၉၃၇ | |
| ၃၀ | အာလူး | Brastagi -အင်ဒိုနီးရှား | ၁ ကီလိုဂရမ် | ၂.၄၅ | ၁ ပိဿာ | ၃၅၇၃ | |
| ၃၁ | ကြက်သွန်ဖြူ | Chef - တရုတ် | ၁ ကီလိုဂရမ် | ၂.၉၀ | ၁ ပိဿာ | ၄၂၂၉ | |
| ၃၂ | ကြက်သွန်နီ | Chef - တရုတ် | ၇၀၀ ဂရမ် | ၁.၂၀ | ၁ ပိဿာ | ၂၅၀၀ | ↓ |
| ၃၃ | ငရုတ်သီးအမှုန့် | Padi - မလေးရှား | ၁၀၀ ဂရမ် | ၀.၇၂ | ၁ ပိဿာ | ၁၀၅၀၀ | |
| ၃၄ | ဂျင်း | Pasar | ၁ ကီလိုဂရမ် | ၆.၉၅ | ၁ ပိဿာ | ၁၀၁၃၅ | |
| ၃၅ | ခရမ်းချဉ်သီး | မလေးရှား | ၁ ကီလိုဂရမ် | ၂.၂၀ | ၁ ပိဿာ | ၃၂၀၈ | ↓ |
| ၃၆ | ခရမ်းသီး | မလေးရှား | ၁ ကီလိုဂရမ် | ၄.၂၀ | ၁ ပိဿာ | ၆၁၂၅ | |
| ၃၇ | ဂေါ်ဖီထုပ်အကြီး | တရုတ် | ၁ ကီလိုဂရမ် | ၁.၀၀ | ၁ ပိဿာ | ၁၄၅၈ | ↓ |
| ၃၈ | ဂေါ်ဖီထုပ် | Bejing - တရုတ် | ၁ ကီလိုဂရမ် | ၁.၆၀ | ၁ ပိဿာ | ၂၃၃၃ | |
| ၃၉ | ပန်းမုန်လာ | တရုတ် | ၁ ကီလိုဂရမ် | ၂.၈၀ | ၁ ပိဿာ | ၄၀၈၃ | |
| ၄၀ | ကညွတ် | ထိုင်း | ၁ ကီလိုဂရမ် | ၁၄.၆၀ | ၁ ပိဿာ | ၂၁၂၉၁ | |
| ၄၁ | ဘိုစားပဲ | Pasar - မလေးရှား | ၂၅၀ ဂရမ် | ၁.၀၃ | ၁ ပိဿာ | ၆၀၀၆ | ↓ |
| ၄၂ | မုန်လာဥနီ | | ၁ ကီလိုဂရမ် | ၁.၄၄ | ၁ ပိဿာ | ၂၁၀၀ | |
| ၄၃ | ပဲလွန်းဖြူ | Pasar | ၁ ကီလိုဂရမ် | ၃.၄၀ | ၁ ပိဿာ | ၄၉၅၈ | |
| ၄၄ | ပဲတီစိမ်း | Max's | ၁ ကီလိုဂရမ် | ၄.၅၀ | ၁ ပိဿာ | ၆၅၆၂ | |
| ၄၅ | ကြက်ဥ | အနိမ့်ဈေး | ၁ လုံး | ၀.၂၂ | ၁ လုံး | ၁၉၂ | |
| ၄၆ | ကြက်ဥ | အမြင့်ဈေး | ၁ လုံး | ၀.၃၇ | ၁ လုံး | ၃၂၆ | |
| ၄၇ | ပန်းသီး | Fuji | ၅ လုံး | ၄.၆၅ | ၁ လုံး | ၈၃၁ | |
| ၄၈ | ပန်းသီး | Royal Gala - နယူးဇီလန် | ၅ လုံး | ၂.၂၅ | ၁ လုံး | ၄၀၂ | ↑ |
| ၄၉ | လိမ္မော်သီး | Navel | ၁ လုံး | ၀.၄၅ | ၁ လုံး | ၄၀၂ | |
| ၅၀ | ဖရဲသီး | မလေးရှား | ၆ ကီလိုဂရမ် | ၈.၄၉ | ၁ လုံး | ၇၅၉၀ | |
| ၅၁ | သခွားမွှေး | Rock - ဩစတေးလျ | ၁ လုံး | ၄.၉၉ | ၁ လုံး | ၄၄၆၁ | |
| ၅၂ | ငှက်ပျောသီး | Aloha - ဖိလစ်ပိုင် | ၁ ကီလိုဂရမ် | ၁.၇၀ | ၁ လုံး | ၁၉၀ | |
| ၅၃ | နာနတ်သီး | မလေးရှား | ၁ လုံး | ၁.၉၀ | ၁ လုံး | ၁၆၉၈ | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၅၄ | နဂါးမောက်သီး | ဗီယက်နမ် | ၁ လုံး | ၀.၆၀ | ၁ လုံး | ၅၃၆ | |
| ၅၅ | အုန်းသီးအနု | ထိုင်း | ၁ လုံး | ၂.၀၀ | ၁ လုံး | ၁၇၈၈ | ↓ |
| ၅၆ | စတော်ဘယ်ရီ | ဩစတေးလျ | ၂၅၀ ဂရမ် | ၃.၈၉ | ၁ ပိဿာ | ၂၂၆၉၁ | |
| ၅၇ | စပျစ်သီး | အီဂျစ် | ၁ ကီလိုဂရမ် | ၅.၉၀ | ၁ ပိဿာ | ၈၆၀၄ | |
| ၅၈ | သစ်တော်သီး | တောင်အာဖရိက | ၅ လုံး | ၂.၄၅ | ၁ လုံး | ၄၃၈ | |
| ၅၉ | ထောပတ်သီး | တောင်အာဖရိက | ၁ လုံး | ၁.၂၀ | ၁ လုံး | ၁၀၇၃ | |
| ၆၀ | ကော်ဖီမစ် | ၂၀ ဂရမ် ၂၅ ထုပ်ပါ Nescafe 3 in 1 Rich | ၁ ပါကင် | ၅.၄၅ | ၁ ပါကင် | ၄၈၇၂ | ↓ |
| ၆၁ | ကော်ဖီမစ် | ၂၀ ဂရမ်အထုပ် ၄၀ ပါ Gold Roast 3 in 1 | ၁ ပါကင် | ၄.၆၀ | ၁ ပါကင် | ၄၁၀၂ | ↓ |
| ၆၂ | ကော်ဖီမှုန့် | Nescafe Delluxe ၂၀၀ ဂရမ် | ၁ ဘူး | ၆.၈၀ | ၁ ဘူး | ၆၀၇၉ | ↑ |
| ၆၃ | ကော်ဖီမှုန့် | Nescafe Gold ၂၀၀ ဂရမ် | ၁ ဘူး | ၁၁.၉၅ | ၁ ဘူး | ၁၀၆၈၃ | ↓ |
| ၆၄ | နွားနို့ | Dutch Lady | ၁ လီတာ | ၂.၅၀ | ၁ လီတာ | ၂၂၃၅ | |
| ၆၅ | နွားနို့ | Marigold | ၁ လီတာ | ၂.၃၀ | ၁ လီတာ | ၂၀၅၆ | |
| ၆၆ | နို့ဆီ | Marigold Lady ၃၈၇ ဂရမ် | ၁ ဘူး | ၁.၆၀ | ၁ ဘူး | ၁၄၃၀ | |
| ၆၇ | အချိုရည် | Coca Colar | ၁.၅ လီတာ | ၂.၂၀ | ၁.၅ လီတာ | ၁၉၆၇ | ↑ |
| ၆၈ | အချိုရည် | Pepsi Colar | ၁.၅ လီတာ | ၁.၇၀ | ၁.၅ လီတာ | ၁၅၂၀ | ↑ |
| ၆၉ | ဆပ်ပြာခဲ | Dove ၁၀၀ ဂရမ် ၃ခဲ | ၁ ပါကင် | ၃.၈၅ | ၁ ပါကင် | ၃၄၄၂ | |
| ၇၀ | ဆပ်ပြာခဲ | Lux ၈၅ ဂရမ် ၆ခဲ | ၁ ပါကင် | ၂.၄၅ | ၁ ပါကင် | ၂၁၉၀ | ↓ |
| ၇၁ | သွားတိုက်ဆေး | Colgate Fresh Cool ၂၅၀ ဂရမ် | ၁ ဘူး | ၄.၁၀ | ၁ ဘူး | ၃၆၆၅ | |
| ၇၂ | သွားတိုက်ဆေး | Sensodyne ၁၀၀ ဂရမ် | ၁ ဘူး | ၅.၀၀ | ၁ ဘူး | ၄၄၇၀ | |
| ၇၃ | ဓါတ်ဆီ 98 | Shell V-power 98UL | ၁ လီတာ | ၂.၇၆ | ၁ လီတာ | ၂၄၆၇ | |
| ၇၄ | ဓါတ်ဆီ 98 | Shell 98UL | ၁ လီတာ | ၂.၄၀ | ၁ လီတာ | ၂၁၅၄ | |
| ၇၅ | ဓါတ်ဆီ 98 | SPC LEVO 98 | ၁ လီတာ | ၂.၃၀ | ၁ လီတာ | ၂၀၆၅ | |
| ၇၆ | ဓါတ်ဆီ 95 | Shell 95UL | ၁ လီတာ | ၂.၁၅ | ၁ လီတာ | ၁၉၂၂ | |
| ၇၇ | ဓါတ်ဆီ 95 | SPC 95 | ၁ လီတာ | ၂.၁၂ | ၁ လီတာ | ၁၈၉၅ | |
| ၇၈ | ဓါတ်ဆီ 92 | SPC LEVO 92 | ၁ လီတာ | ၂.၀၈ | ၁ လီတာ | ၁၈၅၉ | |
| ၇၉ | ဒီဇယ် | Shell | ၁ လီတာ | ၁.၂၉ | ၁ လီတာ | ၁၁၅၃ | |
| ၈၀ | ဒီဇယ် | SPC | ၁ လီတာ | ၁.၂၆ | ၁ လီတာ | ၁၁၂၆ | |

၂။ အထက်ပါဈေးနှုန်းများမှာ ၄.၈.၂၀၁၅ နေ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှထုတ်ပြန်သော ရည်ညွှန်းနိုင်ငံခြားငွေလဲနှုန်းအရ ၁ စင်ကာပူဒေါ်လာလျှင် ၈၉၃.၉၄ ကျပ်ဖြင့် မြန်မာအချင်အတွယ် စနစ်အလိုက် တွက်ချက်ထားခြင်းဖြစ်ပါသည်။ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်သည့် နိုင်ငံခြားငွေလဲနှုန်းအရ ယခုရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာတစ်ယူနစ်နှင့် ညီမျှသည့် စင်ကာပူဒေါ်လာတန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | နေ့ရက် | အမေရိကန်ဒေါ်လာ တစ်ယူနစ်နှင့်ညီမျှသည့် စင်ကာပူဒေါ်လာငွေ |
|---|---|---|
| ၁ | ၂၉.၇.၂၀၁၅ | ၁.၃၆၃၇ |
| ၂ | ၃၀.၇.၂၀၁၅ | ၁.၃၇၀၄ |
| ၃ | ၃၁.၇.၂၀၁၅ | ၁.၃၇၂၈ |
| ၄ | ၃.၈.၂၀၁၅ | ၁.၃၈၀၆ |
| ၅ | ၄.၈.၂၀၁၅ | ၁.၃၈၅၃ |

(နေအေးလွင်)
စီးပွားရေးသံမှူး